FACT SHEET

# The International Criminal Court (ICC) & Myanmar

## နိုင်ငံတကာရာဇဝတ်တရားရုံး (ICC) နှင့် မြန်မာနိုင်ငံ

### ရိုဟင်ဂျာအရေးနှင့် ပတ်သက်၍ ICC တွင် ဘာတွေဖြစ်ခဲ့သလဲ။

မြန်မာနိုင်ငံသည် ICC ၏ အဖွဲ့ဝင်နိုင်ငံ မဟုတ်ပါ။ ICC ကို တည်ထောင်ခဲ့သော စာချုပ် ဖြစ်သည့် ရောမသဘောတူစာချုပ်ကို လက်ခံခြင်းမရှိ သေးပါ။ ထို့ကြောင့် မြန်မာနိုင်ငံသည် ICC ၏ စာချုပ်၏ “အဖွဲ့ဝင်နိုင်ငံ” မဟုတ်ပါ။ ဆိုလိုသည်မှာ မြန်မာနိုင်ငံသည် ICC ၏ တရားစီရင်ပိုင်ခွင့်ကို လက်မခံသေးပါ။

ဘင်္ဂလား ဒေ့ရှ်နိုင်ငံသည် ၂၀၁၀ ခုနှစ်မှစတင်က ICC ရောမသဘောတူ စာချုပ် အဖွဲ့ဝင် နိုင်ငံတခု ဖြစ်ပါသည်။ ICC ၏ တရားစီရင်ပိုင်ခွင့်ကို လက်ခံထားပါသည်။

**April 2018**

ရိုဟင်ဂျာများအပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများနှင့် ပတ်သက်၍ ICC ၏ တရားစီရင်ပိုင်ခွင့် ကို ရှင်းလင်းပေးပါရန် ၂၀၁၈ ခုနှစ် ဧပြီလတွင် ICC ၏ တရားစွဲအရာရှိမှ ICC ၏ တရားသူကြီးများကို လျှောက်ထားခဲ့သည်။ ရိုဟင်ဂျာများကို မူလနေရာမှ အဓမ္မ နှင်ထုတ်ခြင်းရာဇဝတ်မှုများကို ကျူးလွန်မှုသည် ဘင်္ဂလားဒေ့ရှ်နယ်စပ်ကို ကျော်လွန်၍ ဖြစ်ပွားခဲ့ကြောင်း တရားစွဲအရာရှိမှ ရှင်းလင်းခဲ့သည်။ သူမက ဘင်္ဂလားဒေ့ရှ်သည် ICC ရောမစာချုပ်အဖွဲ့ဝင် နိုင်ငံတခုဖြစ်ပြီး ထိုရာဇဝတ်မှုများ၏ တစိတ်တပိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်မြေများ ပါရှိသောကြောင့် ထိုရာဇဝတ်မှုများအပေါ် ICC တွင် တရားစီ ရင်ခွင့် ရှိနိုင်သည်ဟုလျှောက်ထားခဲ့သည်။ အဓမ္မနှင်ထုတ်မှုသည် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုဖြစ်ပြီး နယ်စပ်၏ အခြားတဖက်မှ ပြစ်ခတ်လိုက်သော သေနတ်ကျည်သည် တဖက်မှ လူတဦးကို ထိမှန်သေဆုံးစေသည်နှင့် တူညီသည်ဟု တရားစွဲအရာရှိက လျှောက်ထားခဲ့သည်။

**6 September 2018**

၂၀၁၈ ခုနှစ် စက်တင်ဘာ ၆ ရက်နေ့တွင် အဓမ္မနှင်ထုတ်မှု ရာဇဝတ်မှုနှင့် ဘင်္ဂလားဒေ့ရှ်တွင် တစိတ်တပိုင်းဖြစ်ပွားခဲ့သော အခြားရာဇဝတ်မှုများအပေါ် ICC တွင် တရားစီရင်ခွင့် ရှိနိုင်သည်ဟု ICC မှ တရားသူကြီးများက ဆုံးဖြတ်ခဲ့သည်။

**4 July 2019**

၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှ စတင်၍ ဖြစ်ပွားခဲ့သော လူသားဖြစ်တည်မှုအား ဆန့်ကျင်သောရာဇဝတ်မှု အပါအဝင် ရိုဟင်ဂျာများအပေါ်ကျူးလွန်ခဲ့သော ရာဇဝတ်မှု စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်အတွက် ခွင့်ပြုပေးပါရန် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် တရားစွဲအရာရှိက တရားသူကြီးများကို လျှောက်ထားခဲ့သည်။ အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်နှင့် လုံလောက်သော ဆက်စပ်မှုရှိသော ရာဇဝတ်မှုများဖြစ်သည်။ အခြေခံ လူ့အခွင့်အရေးများကို ပိတ်ပင်ခြင်း၊ သတ်ဖြတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ အင်အားသုံး အစဖျောက်ခြင်း၊ ဖျက်ဆီးခြင်းနှင့် လုယက်ခြင်းအပါအဝင် ရိုဟင်ဂျာများကို အဓမ္မနေရပ်စွန့်ခွာစေခဲ့သော အကြောင်းအရာ လုပ်ရပ်များအားလုံးကို လေ့လာစုံစမ်းမည် ဖြစ်ကြောင်း သူမက ပြောကြားခဲ့သည်။ ထို့အပြင် လူမျိုးစုဖြစ်ခြင်း သို့မဟုတ် ဘာသာရေးအုပ်စုဝင်ဖြစ်ခြင်းပေါ် အခြေခံ၍ ကျူးလွန်သော အခြားရာဇဝတ်မှုများဖြစ်သော ဖိနှိပ်ချုပ်ချယ်မှုများနှင့် အခြားလူမဆန်သော လုပ်ရပ်များအားလုံးကိုလည်း လေ့လာစုံစမ်းမည် ဖြစ်သည်။

**14 November 2019**

ICC ၏ တရားစီရင်ပိုင်ခွင့်အတွင်းရှိ၍ ဘင်္ဂလား ဒေ့ရှ်နိုင်ငံနယ်နိမိတ်အတွင်း အနည်းဆုံး တစ်စိတ်တစ်ပိုင်း ဖြစ်ပျက်သော၊ အနာဂတ်တွင် ဖြစ်လာမည့် ရာဇဝတ်မှု များအပါအဝင်၊ မည်သည့်ရာဇဝတ်မှုကိုမဆို စုံစမ်းစစ်ဆေးရန်အတွက် တရားစွဲအရာရှိကို ICC တရားသူကြီးများက ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် အခွင့်ပေးအပ်ခဲ့သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့နောက်ပိုင်း ဖြစ်ပွားခဲ့သော ရာဇဝတ်မှုများသာမက ၂၀၁၀ ခုနှစ် ဇွန်လ ၁ ရက်နေ့ (ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ICC ၏ အဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်လာသည့်နေ့) မှ စတင်ကာ ဖြစ်ပွားခဲ့သော ရာဇဝတ်မှု များအားလုံးကို တရားစွဲအရာရှိ အနေဖြင့် အကန့်အသတ်မ ရှိ စုံစမ်းစစ်ဆေးနိုင်ကြောင်း ICC တရားသူကြီးများက ပြောကြားခဲ့သည်။

### ICC သည် အဘယ်ကြောင့် မြန်မာနိုင်ငံတဝှမ်းလုံး တွင် ဖြစ်ပွားနေသော အခြားရာဇဝတ်မှု များကို စုံစမ်းစစ်ဆေးမှု မပြုသနည်း။

မြန်မာနိုင်ငံသည် ICC ၏ အဖွဲ့ဝင်မဟုတ်ပါ။ ICC ကို တည်ထောင်ခဲ့သော ရောမစာချုပ်ကို လက်ခံခြင်းမရှိ သေးပါ။ ထိုစာချုပ် “အဖွဲ့ဝင်နိုင်ငံ” မဟုတ်ပါ။ ဆိုလိုသည်မှာ မြန်မာနိုင်ငံသည် ICC ၏ တရားစီရင်ပိုင်ခွင့်ကို လက်မခံသေးပါ။

ICC ကို ထိမ်းကျောင်းမှုပြုနေသည့် ဥပဒေ (ရောမသဘောတူစာချုပ်) အရ အကယ်၍ သဘောတူစာချုပ်အဖွဲ့ဝင် မဟုတ်သော နိုင်ငံအတွင်း ကျူးလွန်သောရာဇဝတ်မှုများအတွက် ကုလသမဂ္ဂ၏ လုံခြုံ ရေးကောင်စီကသာလျှင် ICC သို့ လွှဲပြောင်းပေးနိုင်သည်။ နိုင်ငံရေး အကြောင်းအရ မြန်မာနိုင်ငံတဝှမ်းလုံးတွင် ဖြစ်ပွားနေသော ရာဇဝတ်မှု များကို လွှမ်းခြုံရန် လက်ရှိကာလတွင် မဖြစ်နိုင်သေးပါ။ လွှဲပြောင်းရန် ကြိုးပမ်းမှုများကို တရုတ်ကဲ့သို့သော လုံခြုံရေးကောင်စီဝင်နိုင်ငံက ဗီဒိုအာဏာသုံးကာ ပယ်ချမည်ဟု ရှင်းရှင်းလင်းလင်း ပြောကြားထားသည်။

AJAR
ASIA JUSTICE AND RIGHTS

Burmese - January 2020
asia-ajar.org

## ဖြစ်နိုင်သောနောက်ထပ်အဆင့်များ




တရားစွဲအရာရှိမှ စုံစမ်းစစ်ဆေးမှု တရားဝင်စတင်သည်နှင့် ပြီးဆုံးရမည့် နောက်ဆုံးရက် သတ်မှတ်ထားခြင်း မရှိပါ။ ထို့ကြောင့် နှစ်အနည်းငယ် ကြာနိုင်ပါသည်။ တရားစွဲအရာရှိသည် သက်သေအထောက်အထားများကို စုဆောင်းပြုစုမည်ဖြစ်ပြီး ကျူးလွန်သူတဦးဖြစ်စေ သို့မဟုတ် ကျူးလွန်သူအုပ်စုကိုဖြစ်စေ တရားစွဲဆိုရန် လုံလောက်သောအထောက်အထား ရှိမရှိ ဆုံးဖြတ်မည်ဖြစ်သည်။ အကယ်၍ လုံလောက်သောအထောက်အထားရှိပါက တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ဖမ်းဆီးမိန့်ဝရမ်းများ လျှောက်ထားမည် ဖြစ်ပါသည်။ ဖမ်းဆီးမိန့်ဝရမ်းသည် သံသယရှိသူများအား ဖမ်းဆီးပေးရန်အတွက် တရားသူကြီးများက နိုင်ငံများသို့ ရေးသားပေးပို့သော စာရွက်စာတမ်းဖြစ်ပါသည်။ ဖမ်းဆီးမိန့်ဝရမ်းကို အများ သိနိုင်အောင်ကြေညာခြင်း သို့မဟုတ် လျှို့ဝှက် ("ချိတ်ပိတ်") ပေးပို့ခြင်း လည်း ဖြစ်နိုင် ပါသည်။ ဆိုလိုသည်မှာ ဖမ်းဆီးမိန့်ဝရမ်း ထုတ်ပြန်ခဲ့သည့်တိုင်အောင် ပြည်သူလူထုများက မသိရှိခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။

ICC တွင် လူပုဂ္ဂိုလ်များကို ဖမ်းဆီးနိုင်သည့် အာဏာမရှိပါ။ နိုင်ငံများ (အစိုးရများ) ကသာ သံသယရှိသူကို ဖမ်းဆီးနိုင်ပါသည်။ မြန်မာနိုင်ငံသည် ICC နှင့် ပူးပေါင်း ဆောင်ရွက်မည် မဟုတ်ကြောင်းနှင့် သံသယရှိသူ မည်သူကိုမဆို ဖမ်းဆီးမည် မဟုတ်ကြောင်း အတိအလင်း ပြောကြားထားပါသည်။ အကယ်၍ သံသယရှိသူ သည် ICC ၏ အဖွဲ့ဝင်နိုင်ငံတခု ခုကို ခရီးသွားရောက်သောအခါတွင် အဖမ်းခံရနိုင်ပါသည် သို့မဟုတ် အဖမ်းမခံရနိုင်ခြင်းလည်း ဖြစ်နိုင်သည် ။ သံသယရှိသူသည် ထိုနိုင်ငံများသို့ စွန့်စားခရီးသွားရန်လည်း ဖြစ်နိုင်ချေ နည်းပါသည်။ အကယ်၍ သံသယရှိသူများကို ဖမ်းဆီးနိုင်ခြင်းမရှိပါက တရားခုံရုံးလည်း ကျင်းပနိုင်မည် မဟုတ်ပါ။ ICC သည် ရာဇဝတ်မှုများကို ကျူးလွန်သည်ဟု သံသယရှိခံရသူ မပါရှိဘဲ တရားခုံရုံးကျင်းပခြင်း မပြုလုပ်ပါ။ ထို့ကြောင့် နိုင်ငံရေးအခြေ အနေ ကြီးကြီးမားမား ပြောင်းလဲခြင်းမရှိလျှင် (သို့မဟုတ် ပြောင်းလဲ သည်အထိ) တရားစွဲဆို စစ်ဆေးခြင်း မရှိသည်လည်း ဖြစ်နိုင်ချေရှိပါသည်။

## အရပ်ဖက်လူထုအဖွဲ့အစည်းများမှ ထိတွေ့နိုင်သောနည်းလမ်းများ

အရပ်ဖက်အဖွဲ့အစည်းများသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်သည်။

- ICC နှင့် ၎င်း၏ ကန့်သတ်ချက်များနှင့် အကျိုးရလဒ်များကို အများပြည်သူ သိနိုင်အောင် ရှင်းပြရန်
- သတင်းအချက်အလက်နှင့် မှတ်တမ်းများကို တရားစွဲအရာရှိထံ ပေးအပ်ရန်
- ကျူးလွန်ခံရသူနှင့် မျက်မြင်သက်သေများမှ သက်သေအထောက်အထားများကို ICC သို့ ပေးပို့နိုင်ရန် (IIMM မှတဆင့်ပေးပို့ခြင်းအပါအဝင်) အတွက် အကူအညီပေးရန်။ ထို့အပြင် လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းစွာနားလည်စေရန်အတွက် ကျူးလွန်ခံရသူများကို ရှင်းပြပေးရန်။
- ကျူးလွန်သူများကို တာဝန်ယူတာဝန်ခံမှု ပြုစေခြင်း အနေဖြင့် ဖမ်းဆီးမိန့် ဝရမ်းများအား အများသိအောင် ထုတ်ပြန်ပေးရန် (သို့မဟုတ် ထုတ်ပြန်ခြင်း မပြုရန်!) အတွက် တရားစွဲအရာရှိ ကို တိုက်တွန်းရန်အတွက် စဉ်းစားရန်။
- တွေ့ဆုံထိတွေ့လေ့လာမှုများလုပ်ဆောင်ရန်အတွက် ICC ကို တိုက်တွန်းရန်နှင့် အများသိနိုင်သော သတင်းအချက်အလက်များကို မြန်မာနိုင်ငံမှ လူမှုအသိုင်းအဝိုင်း အသီးသီးကို အသိပေးဖြန့်ဝေရန်။
- ကျူးလွန်ခံရသူ ရိုဟင်ဂျာအသိုင်းအဝိုင်းကို ကူညီထောက်ပံ့ခြင်း အစီအစဉ်များ စတင်ရန် အတွက် ICC ၏ ကျူးလွန်ခံရသူများအတွက် သီးသန့်ရန်ပုံငွေကို စည်းရုံး လှုံ့ဆော်ရန်။

***

AJAR
ASIA JUSTICE AND RIGHTS